## ပဋိပက္ခများအကြားမှ အားလုံးပါဝင်မှုရှိရေး - မြန်မာနိုင်ငံ စစ်အာဏာသိမ်းမှုဖြစ်ပွားပြီးနောက်ပိုင်း မသန်စွမ်းသူများ၏ အခွင့်အရေးများ အပြည့်အဝရရှိစေရေး

ယနေ့ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့သည် ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းမှုနှင့် ၂၀၂၅ ခုနှစ် မတ်လတွင် ဖြစ်ပွားခဲ့သည့် ငလျင်ကြောင့် မြန်မာနိုင်ငံရှိ မသန်စွမ်းသူများကို ကာကွယ်စောင့်ရှောက်ရန်နှင့် အားပေးမြှင့်တင်ရန် အရေးတကြီး လိုအပ်နေကြောင်း အထူးညွှန်ပြလျက်ရှိပါသည်။ ဤအကျပ်အတည်းများသည် မသန်စွမ်းသူများစွာအတွက် ရှိနှင့်ပြီးသား မညီမျှမှုများ ကို ပိုမိုနက်ရှိုင်းစေပြီး မသန်စွမ်းသူများသည် အကြမ်းဖက်မှုခံရခြင်း၊ နေရပ်ပြောင်းရွှေ့ရခြင်းတို့ ပိုမိုကြုံတွေ့လာရကာ မရှိမဖြစ်လိုအပ်သော ဝန်ဆောင်မှုများမှ ဖယ်ကြဉ်ခံရလျက်ရှိပါသည်။

စစ်အာဏာသိမ်းမှုမတိုင်မီက မသန်စွမ်းသူများသည် မြန်မာနိုင်ငံလူဦးရေ၏ ၁၂.၈% ခန့်ရှိပြီး ပညာရေး၊ အလုပ်အကိုင်နှင့် အများပြည်သူပါဝင်မှုတို့တွင် သိသာထင်ရှားသော အဟန့်အတားများနှင့် ရင်ဆိုင်နေကြရလျက်ရှိပါသည်။ ၂၀၂၁ ခုနှစ် နောက်ပိုင်းတွင် ဤအခြေအနေများသည် ပိုမိုဆိုးရွား လာခဲ့ပါသည်။ စစ်တပ်၏ အကြမ်းဖက်တိုက်ခိုက်မှုများနှင့် ကျေးရွာများကို မီးရှို့ဖျက်ဆီးခြင်းများသည် ကိုယ်လက်အင်္ဂါမသန်စွမ်းသူများ၊ အကြားအာရုံမသန်စွမ်းသူများနှင့် ဉာဏ်ရည်မသန်စွမ်းသူများ အတွက် ထွက်ပြေးလွတ်မြောက်ရန်ခက်ခဲခြင်းနှင့် အရေးပေါ်သတိပေးအချက်အလက်များကို လက်လှမ်းမီရယူနိုင်မှု မရှိခြင်းတို့ကြောင့် ကြီးမားသော အန္တရာယ်ကျရောက်စေပါသည်။ [အစီရင်ခံစာများတွင်](#) မသန်စွမ်းမှုကြောင့် ပြောဆိုဆက်ဆံရေးအခက်အခဲရှိမှုကို စစ်ကောင်စီတပ်သား များသည် ၎င်းတို့မေးမြန်းပြောဆိုသည့်အတိုင်း လိုက်နာရန် ငြင်းဆန်မှုအဖြစ် မှားယွင်းစွာ မှတ်ယူပြီး မသန်စွမ်းသူများအပေါ် ကြမ်းတမ်းရက်စက်စွာ ပြုမူဆက်ဆံခဲ့မှုများအားလည်း မှတ်တမ်းတင်ထားပါသည်။

လူသားချင်းစာနာထောက်ထားမှုအကူအညီများကို လက်လှမ်းမီနိုင်မှုသည်လည်း ပိုမိုမညီမမျှဖြစ်လာ ပါသည်။ မသန်စွမ်းမှု အထောက်အကူပြုပစ္စည်းများ ရှားပါးလာခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှု အဆောက်အအုံပစ္စည်းများ ဖျက်ဆီးခံရခြင်းနှင့် မသန်စွမ်းသူများကို ပြုစုစောင့်ရှောက်ပေးနေသော မိသားစုဝင်များသည် ငွေကြေးအခက်အခဲများနှင့် ရင်ဆိုင်ရခြင်းတို့

ကြုံတွေ့ရလျက်ရှိပါသည်။ ၂၀၂၅ ခုနှစ် မတ်လတွင် ဖြစ်ပွားခဲ့သော ငလျင်သည် အရေးပေါ်တုံ့ပြန်မှုပေးရာတွင် လိုအပ်ချက်ရှိမှုများ၊ ကွာဟမှုများ ပိုမိုဖြစ်ပေါ်စေခဲ့ပြီး မသန်စွမ်းသူ ရာပေါင်းများစွာသည် ပြန်လည်ထူထောင်ရေး၊ အမိုးအကာများနှင့် ဆေးဝါးကုသမှုများ မရရှိကြပေ။ ပဋိပက္ခကြောင့် ရရှိသော ဒဏ်ရာများနှင့် မြေမြှုပ်မိုင်းပေါက်ကွဲမှုများကြောင့် မသန်စွမ်းသူအရေအတွက်မှာ မြင့်တက်လာရန် ခန့်မှန်းရသည်။

ဤသို့ စိန်ခေါ်မှုများရှိလင့်ကစား မြန်မာ့ကြားကာလဒီမိုကရေစီအဖွဲ့အစည်းများဖြစ်သည့် အမျိုးသား ညီညွတ်ရေးအစိုးရ(NUG) နှင့် အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ(NUCC) တို့သည် မသန်စွမ်းသူများ ပါဝင်မှုရှိရေး ကတိကဝတ်ပြုထားပါသည်။ NUG အစိုးရ၏ ဝန်ကြီးဌာနများသည် မသန်စွမ်းအဖွဲ့အစည်းများနှင့် ပူးပေါင်းလက်တွဲကာ ပြန်လည်ထူထောင်ရေးဝန်ဆောင်မှုများနှင့် အားလုံးအကျုံးဝင် လက်လှမ်းမီမှုရှိသည့် ပညာရေးများ တိုးချဲ့ပေးစွမ်းနိုင်ရန် ဆောင်ရွက်လျက် ရှိသည်။

အရင်းအမြစ်များ အကန့်အသတ်ရှိပြီး မလုံခြုံမှုများကြားမှ ဤသို့ ကြိုးပမ်းဆောင်ရွက်မှုများသည် စစ်မှန်သော နိုင်ငံရေးဆန္ဒကို ထင်ဟပ်လျက်ရှိသည်။ သို့ရာတွင် ဤထက်မက ပိုမိုဆောင်ရွက်ရန် လိုအပ်လျက်ရှိသည်။ အများပြည်သူ ပြောဆိုဆက်သွယ်ရေးသည် အမြင်အာရုံ၊ အကြားအာရုံ သို့မဟုတ် ဉာဏ်ရည်မသန်စွမ်းသူများအတွက် များသောအားဖြင့် လက်လှမ်းမီနိုင်မှု မရှိသေးပါ။ ပိုမိုခိုင်မာသော ပေါင်းစပ်ညှိနှိုင်းမှု၊ ရန်ပုံငွေနှင့် အားလုံးပါဝင်မှုရှိစေသော အလေ့အကျင့်များမရှိဘဲ ကူညီကယ်ဆယ်ရေးအစီအစဉ်များသည် မသန်စွမ်းသူများထံ ထိရောက်စွာ ရောက်ရှိနိုင်မည် မဟုတ် ပါ။ မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးတွင် မသန်စွမ်းသူများပါဝင်မှုရှိရေးကို အဓိက ထားရန် ကြားကာလ အဖွဲ့အစည်းများသည် နိုင်ငံတကာပံ့ပိုးမှု စဉ်ဆက်မပြတ် လိုအပ်ပါသည်။

International IDEA သည် မသန်စွမ်းသူများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ကြားကာလ အဖွဲ့အစည်းများနှင့် လက်တွဲဆောင်ရွက်လျက် မြန်မာ့အနာဂတ်ကို ပုံဖော်ရာတွင် မသန်စွမ်းသူများ တက်ကြွစွာ ပါဝင်နိုင်ရန်နှင့် အားလုံးပါဝင်မှုရှိရေးမဟာဗျူဟာများကို ချမှတ်နိုင်ရန် ပံ့ပိုးကူညီလျက် ရှိသည်။ အားလုံးလက်လှမ်းမီနိုင်သော သင်တန်းများ ပို့ချခြင်း၊ ပြည်သူ့နီတိပညာရေး အထောက်အကူ ပြု အရင်းအမြစ်များ ရေးသားထုတ်ဝေခြင်းနှင့် မသန်စွမ်းသူများ ဦးဆောင်သော

အဖွဲ့အစည်းများ အတွက် စွမ်းရည်မြှင့်သင်တန်းများ ပို့ချပေးခြင်းတို့မှတဆင့် International IDEA သည် အားလုံးပါဝင်မှုရှိသော ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးအတွက် ပံ့ပိုးကူညီလျက်ရှိသည်။

*"ပညာရေး၊ ကျန်းမာရေးနဲ့ ဝန်ဆောင်မှုပေးတဲ့အချို့နေရာတွေမှာ လက်လှမ်းမီတဲ့မသန်စွမ်းအချို့ တော်လှန်ရေးကာလမှာ ပါဝင်ခွင့်ရပေမဲ့ အလုပ်အကိုင်အခွင့်အလမ်းမှာတော့ ပါဝင်ခွင့်မရှိသလောက် ပါပဲ။ အကယ်၍ မသန်စွမ်းသူတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းများများ ဖန်တီးပေးနိုင် မယ်ဆိုရင် မသန်စွမ်းထုအတွက် အဖိုးမဖြတ်နိုင်သလို မည်သူတစ်ဦးတစ်ယောက်ကိုမှ မကျန်ရစ်စေရ ဆိုတာကို အကောင်အထည်ဖော်ရာရောက်ပြီး အစိုးရအပေါ် ပိုမိုယုံကြည်မှုရလာမှာဖြစ်ပြီး သွားနေတဲ့ ဖဒရယ်စနစ်က ပိုမိုအသက်ဝင်လာမယ်လို့ ယုံကြည်ပါတယ်။ Nothing about us without us ကို မေ့ထားလို့မဖြစ်ပါဘူး။"* IDEA သင်တန်းတစ်ခုမှ သင်တန်းသားတစ်ဦး၏ မှတ်ချက်




International IDEA မှ ရေးသားထုတ်ဝေထားသော ဖတ်လွယ်၊မှတ်လွယ် စာအုပ်များသည် ရပ်ရွာဆွေးနွေးရေးစကားဝိုင်းများနှင့် နိုင်ငံရေးလုပ်ငန်းစဉ်များတွင် မသန်စွမ်းသူများ ပါဝင်ဆွေးနွေးနိုင်ရန် အထောက်အကူပြုပါသည်။ မြန်မာနိုင်ငံ စစ်အာဏာသိမ်းမှုကာလနောက်ပိုင်း အခြေအနေတွင် ဒီမိုကရေစီ၊ အသွင်ကူးပြောင်းရေးကာလ တရားမျှတရေး၊ အားလုံးပါဝင်မှုရှိရေး နှင့် သက်ဆိုင်သည့် အကြောင်းအရာများကို လက်လှမ်းမီ ဖတ်ရှုနိုင်စေရန်အတွက် ဤစာအုပ်များတွင် ရိုးရှင်းလွယ်ကူသော အသုံးအနှုန်းများ၊ တိုတုတ်ရှင်းလင်းသော စာကြောင်းများနှင့် ရုပ်ပုံများ အသုံးပြုထားပါသည်။

ရှေ့ဆက်လျှောက်လှမ်းရာတွင် မသန်စွမ်းသူများ ပါဝင်မှုရှိရေးသည် မြန်မာ့ဖက်ဒရယ်ဒီမိုကရေစီမူဘောင်၏ အခြေခံအစိတ်အပိုင်းအဖြစ် ပါဝင်ရပါမည်။ အခွင့်အရေးများ တန်းတူညီမျှမှုရှိရေး၊ ခွဲခြားဆက်ဆံမှု မရှိရေး၊ အားလုံးအကျုံးဝင်လက်လှမ်းမီနိုင်မှုရှိခြင်းနှင့် နိုင်ငံရေးလုပ်ငန်းစဉ်တွင် ပြည့်ပြည့်ဝဝ ပါဝင်နိုင်ခွင့်ရှိရေးတို့ကို အဆင့်အလွှာအသီးသီး၌ အာမခံရမည်ဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးအစီအမံများနှင့် ညှိနှိုင်းတိုင်ပင်ရေးယန္တရားများ တည်ဆောက်ရာတွင်

မသန်စွမ်းသူများကို ထည့်သွင်းပါဝင်စေခြင်းသည် ရေရှည်တည်တံ့သောအပြောင်းအလဲ ဖော်ဆောင်ရန် အဓိကကျသည်။

ယနေ့ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့တွင် မသန်စွမ်းသူများနှင့် တစ်သားတည်းရပ်တည်မှုရှိရုံမက လုပ်ဆောင်ချက်အဖြစ် အကောင်အထည်ဖော် ပြောင်းလဲရမည်ဖြစ်သည်။ နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် မသန်စွမ်းသူများနှင့် မသန်စွမ်းသူများဆိုင်ရာ အရပ်ဘက်လူမှုအဖွဲ့အစည်းများအတွက် ငွေကြေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပံ့ပိုးမှုများကို ပိုမိုပေးအပ်ရန်၊ အားလုံးပါဝင်မှုရှိသော အဖွဲ့အစည်းများနှင့် ထိတွေ့ဆက်ဆံမှုကို အားကောင်းစေရန်နှင့် အရေးပေါ်တုံ့ပြန်မှုများပေးအပ်ရာတွင် အားလုံးလက်လှမ်းမီမှုကို ဦးစားပေးရန် လိုအပ်ပါသည်။ အားလုံးပါဝင်မှုရှိသော အုပ်ချုပ်မှုဆီသို့ လျှောက်လှမ်းသော ခြေလှမ်းတိုင်းသည် မသန်စွမ်းသူများ ဂုဏ်သိက္ခာရှိရှိ၊ အခွင့်အလမ်းများဖြင့် ဘေးကင်းစွာ နေထိုင်နိုင်သည့် အနာဂတ်မြန်မာနိုင်ငံတော်ဆီသို့ ပိုမိုနီးကပ်စေပါသည်။ ကမ္ဘာပေါ်တွင် အလျစ်လျူရှုခံရဆုံး ပဋိပက္ခများထဲမှ တစ်ခုဖြစ်သည့် မြန်မာနိုင်ငံ၏ပဋိပက္ခအတွင်း မသန်စွမ်းသူများသည် ခံနိုင်ရည်ရှိမှုနှင့် ခေါင်းဆောင်မှု ကို ဆက်လက်ပြသနေပါသည်။ မသန်စွမ်းသူများသည် နိုင်ငံပြန်လည်တည်ဆောက်ရေးတွင် အပြည့်အဝ ပါဝင်ခွင့်ထက် မနည်း ရရှိထိုက်ပါသည်။